International Federation of Library Associations and Institutions

unesco
Information for All Programme

# ၂၀၂၂ခုနှစ်အတွက်IFLA–UNESCO ပြည်သူ့စာကြည့်တိုက်၏ ကြေညာချက်

လူ့အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ လွတ်လပ်မှု၊ချမ်းသာကြွယ်ဝကြီးပွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် လူသားတို့၏ အခြေခံလူ့တန်ဖိုးများပင်ဖြစ်ကြပါသည်။ ၎င်းတို့ကိုဒီမိုကရေစီအခွင့်အရေး များ ကျင့်သုံးရန်နှင့် လူ့အသိုင်းအဝိုင်းတွင်တက်ကြွစွာပါဝင်ရေးကို သိရှိသော ပြည်သူများ၏ စွမ်းအင်ဖြင့်သာ ရရှိနိုင် ပါသည်။ အပြုသဘောဆောင်သောပူးပေါင်းပါဝင်မှုနှင့်ဒီမိုကရေစီဖွံ့ဖြိုးရေးသည်ကျေနပ်ဖွယ်ကောင်းသော၊ပညာ၊ဗဟုသုတရှာမှီးရန်၊စိတ်ကူးစိတ်သန်းများကြံစည်တွေးတောနိုင်ရန်၊ယဉ်ကျေးမှုနှင့်သတင်းအချက်အလက်များကိုလွတ်လပ်စွာနှင့်အကန့်အသတ်ကင်းမဲ့စွာလက်လှမ်းမီပြီး ရယူအသုံးပြုနိုင်မှု အပေါ်တွင်မူတည်နေပါသည်။

ပြည်သူ့စာကြည့်တိုက်များသည်ဗဟုသုတရှာမှီးမှုများ၊ဘဝတစ်သက်တာသင်ယူခြင်း၊လွတ်လပ်စွာဆုံးဖြတ်ချက်ချခြင်းနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ခြင်းစသည်တို့အတွက်လည်းအဓိကဝင်ပေါက်နေရာတစ်ခုအဖြစ်အထောက်အပံ့ပြုပါသည်။အောက်ခြေမြေပြင်အဆင့်မှစ၍အကျိုးအမြတ်မယူဘဲ၊နည်းပညာ၊ဥပဒေအားဖြင့်လည်းအခက်အခဲအတားအဆီးဟူ၍ဘာတစ်ခုမျှမရှိစေဘဲဗဟုသုတအသိပညာနှင့်ပြည့်စုံသောလူ့အဖွဲ့အစည်းအဖြစ်မျှဝေထောက်ပံ့ပေးပါသည်။

နိုင်ငံတိုင်းတွင်၊အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပညာသင်ကြားခွင့်၊ဗဟုသုတရှာဖွေနိုင်ခွင့်နှင့်ယဉ်ကျေးမှုကဏ္ဍဖွံ့ဖြိုးတိုးတက်ခွင့်စသည်တို့ကို၊အတတ်နိုင်ဆုံးလူများများရရှိနိုင်စေရန်စာကြည့်တိုက်များကအထူးအလေးပေးကူညီပေးကြပါသည်။

ပြည်သူ့စာကြည့်တိုက်များနှင့်ပတ်သက်ပြီးUNESCO၏ယုံကြည်ချက်ဖြစ်သော “ပြည်သူ့စာကြည့်တိုက်များသည် ပညာရေး၊ ယဉ်ကျေးမှုနှင့် သတင်းအချက်အလက်များ အတွက် ရှင်သန်နေသော အင်အားတစ်ခု”အဖြစ် လည်းကောင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သောကိုယ်စားလှယ်တစ်ဦးအနေဖြင့်လည်းကောင်း၊တစ်ဦးတစ်ယောက်ချင်းစီ၏ စိတ်ခံစားချက်များမှတဆင့်ငြိမ်းချမ်းရေးနှင့်ကောင်းကျိုးပြည့်စုံစေရန်အတွက်လည်းကောင်း၊ ဤကြေညာချက်စာတမ်းကဖော်ပြပေးနေပါသည်။

ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာ ဒေသန္တရ အစိုးရများကိုအားပေးအားတိုက်တွန်း၍ UNESCO ကပံ့ပိုးပေးလျှက်ရှိပါသည်။

## ပြည်သူ့စာကြည့်တိုက်

ပြည်သူ့စာကြည့်တိုက်သည် စာကြည့်တိုက်အသုံးပြုသူများ အားဗဟုသုတ၊သတင်းအချက်အလက် အစုံအလင်ကို အလွယ်တကူ ရယူပေးနိုင်သော အချက်အချာ နေရာတစ်နေရာ၊ အသိပညာ အသိုက်အဝန်းတွင် မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်း၊ လူသားများအတွက် သတင်းအချက်အလက်နှင့်လိုအပ်ချက်များကို

ဆက်သွယ်ရေး နည်းလမ်း အသစ်များဖြင့် စဉ်ဆက်မပြတ် လိုက် လျောညီထွေစွာ ရရှိစေနိုင်သော နေရာတစ်နေရာလည်း ဖြစ်ပါသည်။

ပြည်သူ့စာကြည့်တိုက်များသည်နိုင်ငံသားများ၏စေ့စပ်ညှိနှိုင်းဆွေးနွေးမှုကိုမြှင့်တင်ပေးရာနေရာဖြစ်သကဲ့သို့ဗဟုသုတရှာဖွေဖော်ထုတ်ရာ၊သတင်းအချက်အလက်များနှင့်ယဉ်ကျေးမှုမျှဝေခြင်း၊လေ့လာယ်ခြင်းများကိုလူသိရှင်ကြားဖော်ထုတ်ပြသနိုင်သောနေရာတစ်နေရာလည်းဖြစ်ပါသည်။

စာကြည့်တိုက်များသည်လူမှုအသိုင်းအဝိုင်းကိုအသစ်အဆန်းများတီထွင်ဖန်တီးပေးသောနေရာများဖြစ်ပြီး၊ထိရောက်သောပြည့်သနူ့သံများ၊ဒေသခံများလိုအပ်သောလုပ်ငန်းများအားပံ့ပိုးပေးခြင်းဖြင့်ဘဝအရည်အသွေး များ ရရှိလျက် တိုးတက်စေရန်အထောက်အပံ့ပေးပါသည်။

ပြည်သူ့စာကြည့်တိုက်များကိုလူထုကပို၍ယုံကြည်မှုရှိလာသည်နှင့်အမျှပြည်သူလူထုကပိုမိုသတိပြုမိလာစေရေးမှာပြည်သူ့စာကြည့်တိုက်များ၏ရည်မှန်းချက်ပင်ဖြစ်ပါသည်။

ပြည်သူ့စာကြည့်တိုက်၏ ဝန်ဆောင်မှုများသည် အခြေခံအားဖြင့် လူတိုင်းအတွက်အကျိုးဝင်နိုင်စေရေးဖြစ်ပြီး လူမျိုး၊ ဘာသာ၊ အသက် အရွယ်မရွေး၊ လူမှုရေး၊ အဆင့်အတန်းမရွေး၊ မည်သည့် စရိုက်လက္ခဏာ ရှိသူကိုမဆို တန်းတူညီမျှ အထောက်အပံ့ ပေး ရမည်ဖြစ်ပါသည်။ ဘာသာစကား ခက်ခဲသူ၊ မသန်မစွမ်းသူ၊ ကွန်ပျူတာစွမ်းရည်ချို့တဲ့သူ၊ စာမတတ်သူ၊ ထောင်ကျနေသူ သို့မဟုတ် ဆေးရုံတက်နေသူများစသဖြင့် ထိုသို့သောသူများ အတွက်ဖြစ်ပါက ပုံမှန်ဝန်ဆောင်မှုသာမက လိုအပ်သော တခြားဝန်ဆောင်မှုများ၊ ပစ္စည်းများကိုပါ ထောက်ပံ့ ပံ့ပိုးပေးနိုင်သောဝန်ဆောင်မှုများရှိရမည်ဖြစ်ပါသည်။

စာကြည့်တိုက်အသုံးပြုသူများကိုသက်ဆိုင်ရာ အသက်အရွယ်နှင့် အလိုက် လိုအပ်သော အထောက်အကူပစ္စည်းများကို ရှာဖွေပေးနိုင်ရမည်။ စာကြည့်တိုက်၏ စုဆောင်းမှုနှင့် ဝန်ဆောင်မှုများတွင် သင့်တော်ရာ မီဒီယာများ၊ ခေတ်မီနည်းပညာများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများလည်း ပါဝင်သင့်သည်။
စာကြည့်တိုက်အရင်းအမြစ်များသည် ဒေသခံများ လိုအပ်သော အရည်အသွေးမြင့် ပစ္စည်းများ၊ ဒေသခံများ၏ဘာသာစကားနှင့် ယဉ်ကျေးမှု ကွဲပြားခြားနားခြင်းကို ထင်ဟပ်ပြနိုင်ရမည်ဖြစ်ပြီး၊၎င်းသည် ပြည်သူ့စာကြည့်တိုက်အတွက်အခြေခံကျသော အချက် များလည်း ဖြစ် ပါသည်။ ပြည်သူ့စာကြည့်တိုက်၏ စုဆောင်းမှု၊ ဝန်ဆောင်မှုများသည် ဒေသ၏လက်ရှိ ခေတ်ရေစီးကြောင်း၊ ဒေသခံလူ့အဖွဲ့အစည်း၏ လက်ရှိပြောင်းလဲမှုဖြစ်စဉ်များ၊ဒေသခံတို့၏ကြိုးစားမှုနှင့် စိတ်ကူးစိတ်သန်းများနှင့်ရောင်ပြန်ဟပ်နေရမည်ဖြစ်ပြီး၊ အတွေးအခေါ်၊နိုင်ငံရေး၊ဘာသာရေး၊စီးပွားရေးများအတွက်မည်သည့်ကြောင်းကြောင့်နှင့်မျှစိစစ်ဖြတ်တောက်ခြင်း သို့မဟုတ် ဖိအားပေးခြင်းများ မရှိသင့်ပါ။

# ပြည်သူ့စာကြည့်တိုက်၏ တာဝန်များ

အောက်ပါပြည်သူ့စာကြည့်တိုက်၏ဝန်ဆောင်မှုများအနေဖြင့်သတင်းအချက်အလက်မျှဝေမှု၊ စာတတ်မြောက်ရေးပညာရေး၊နိုင်ငံသားတစ်ယောက်၏ပါဝင်မှု၊ယဉ်ကျေးမှုတို့နှင့်လည်းဆက်စပ်လျက်ရှိကြပါသည်။

ဤကဲ့သို့အရေးပါသောတာဝန်များမှတဆင့်စဉ်ဆက်မပြတ်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့်ပိုမို၍ လူသားဆန်ပြီး၊ မျှတသော လူ့အဖွဲ့အစည်းများ၊ တည်ဆောက်ရေးတို့ကိုအထောက်အကူပြုလျက်ရှိပါသည်။

- ✓ အတွေးအခေါ်နှင့်သတင်းအချက်အလက်များကိုဆင်ဆာဖြတ်တောက်မှုမရှိခြင်း၊ မည်သည့်အဆင့်အတွက်မဆိုကျောင်းပြင်ပပညာရေးကိုပိုမိုကျယ်ပြန့်စွာထောက်ပံ့ပေးခြင်း၊ ဘဝတစ်သက်တာသင်ကြားမှုရှေ့ဆက်နိုင်ရန်အသိပညာပေးခြင်း၊ ဘဝအဆင့်အသီးသီးတွင်ကိုယ်တိုင်အသိပညာရှာဖွေနိုင်ရန်ကူညီမှုပေးခြင်း။
- ✓ တစ်ကိုယ်ရည်ဖန်တီးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် စိတ်ကူးစိတ်သန်းများ၊ ဖန်တီးလိုစိတ်၊ စူးစမ်းလိုစိတ် နှင့် စာနာစိတ်များဖြစ်စေရန် လှုံ့ဆော်ပေးခြင်း။
- ✓ ကလေးသူငယ်များကို မွေးကင်းစမှ စ၍ လူကြီးဘဝအထိ စာဖတ်ခြင်း အလေ့အထကို ခိုင်မြဲစေရန် လေ့ကျင့်ပျိုးထောင် ဖန်တီးပေးခြင်း။
- ✓ စာတတ်မြောက်ရေးလှုပ်ရှားမှုများနှင့်စာရေးခြင်း စာဖတ်ခြင်း အစီအစဉ်များကို စတင်ပေးခြင်း၊ လှုံ့ဆော်ထောက်ပံ့ပေးခြင်း၊ မီဒီယာနှင့် သတင်းအချက်အလက် တတ်မြောက်မှု စွမ်းရည်ကို အသက်အရွယ်အသီးသီးတွင်သင်ကြားပေးခြင်း၊ တတ်မြောက်မှု လွယ်ကူစေရန် ထောက်ပံ့ပေးခြင်းဖြင့် အသိဥာဏ်ရှိသောဒီမိုကရေစီ အသိုင်းအဝိုင်းအဖြစ် စိတ်ဓါတ်မြှင့်တင် ဖော်ဆောင်ပေးခြင်း။
- ✓ ဒစ်ဂျစ်တယ်နည်းပညာများကိုအသုံးပြု၍လူကိုယ်တိုင်ဖြစ်စေ၊နည်းပညာဖြင့်ဖြစ်စေလိုအပ်ချိန်တိုင်းတွင်ဝင်ရောက်ကြည့်ရှုအသုံးပြုခွင့်ပေးခြင်း။
- ✓ လူတိုင်းအသုံးပြုနိုင်စေရန်အခွင့်အလမ်းများစီစဉ်ထားရှိပေးခြင်းဖြင့်လူမှုရေးကဏ္ဍတွင်စာကြည့်တိုက်၏အဆင့်အတန်းမြင့်မားလာစေနိုင်ခြင်း။
- ✓ သုတေသနရလဒ်များနှင့်ကျန်းမာရေးသတင်းအချက်အလက်များကဲ့သို့သောသိပ္ပံနည်းကျဗဟုသုတများကိုအသုံးပြုစေခြင်းဖြင့်၎င်းတို့၏ဘဝထိခိုက်မှုကိုဖြစ်စေသောဆိုးကျိုးများအား၊ ဆန်းစစ်လာနိုင်ပြီးသိပ္ပံနည်းကျတိုးတက်မှုများတွင်လည်းပါဝင်လာနိုင်စေခြင်း။
- ✓ ဒေသခံအသင်းအဖွဲ့များ၊စိတ်ဝင်စားသောအုပ်စုများကိုလုံလောက်သောသတင်းအချက်အလက်ဝန်ဆောင်မှုများပံ့ပိုးပေးခြင်း။
- ✓ ဒေသခံများရယူလိုသောအချက်အလက်များ၊အသိပညာများ၊အမွေအနှစ်များ(ဒေသိယစကားများအပါအဝင်)ကိုမျှဝေပေး၍ ၎င်းတို့ကိုယ်တိုင်တက်ကြွစွာပါဝင်ထိန်းသိမ်းစောင့်ရှောက်တတ်လာစေခြင်း။
- ✓ မတူကွဲပြားသည့် ယဉ်ကျေးမှုများကြားပြောဆိုဆွေးနွေးမှုများ ပြုလုပ်ပေးခြင်း။

- ✓ ယဉ်ကျေးမှုအမွေအနှစ်များ၊အနုပညာလက်ရာများကိုထိန်းသိမ်းစောင့်ရှောက်တန်ဖိုးထားတတ်စေရန်၊
- ✓ ရိုးရာဓလေ့ထုံးစံများတွင်သိပ္ပံနည်းကျဗဟုသုတများ၊သုတေသနနှင့်တီထွင်ဖန်တီးမှုများကိုနည်းပညာများအသုံးပြုပြီးထည့်သွင်းအသုံးပြုလာနိုင်စေရန်လမ်းဖွင့်ပေးခြင်း။

## ပြည်သူ့စာကြည့်တိုက်ရန်ပုံငွေ၊ ဥပဒေနှင့် ကွန်ယက်များ

ပြည်သူ့စာကြည့်တိုက် အဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အားလူတိုင်းဝင်ရောက် ကြည့်ရှုသုံးစွဲခွင့်ကို မူဝါဒအရ အခမဲ့ပေးရမည်။ ပြည်သူ့စာကြည့်တိုက်များအတွက် ဒေသခံနှင့် အာဏာပိုင်များတွင် တာဝန်အပြည့်အဝ ရှိ ပါသည်။ စာကြည့်တိုက်မူဝါဒကို နိုင်ငံတကာ စာချုပ်များ၊ သဘောတူချက်များနှင့် အညီ ရေးဆွဲထားရမည်။ ဒေသန္တရအစိုးရက ငွေကြေးထောက်ပံ့၍ ရန်ပုံငွေ ပံ့ပိုးရမည်။ စာကြည့်တိုက်၏ ပညာရေး၊ စာတတ်မြောက်ရေး အစီအစဉ်များ၊ သတင်းအချက်အလက် ထောက်ပံ့မှုနှင့် ယဉ်ကျေးမှုများအတွက် ရေရှည်နည်းဗျူဟာများ ချမှတ်ပြီး ရံပုံငွေ သတ်မှတ်ချက်ချရန် လိုအပ်သည်။

ဒစ်ဂျစ်တယ်ခေတ်တွင်ပြည်သူ့စာကြည့်တိုက်များအတွက်ဒစ်ဂျစ်တယ်စုဆောင်းမှုများ၊ စာအုပ်စုဆောင်းမှုများ အတွက်၊ မူပိုင်ခွင့် ဥပဒေကို သေသေချာချာပြုလုပ်ထားသင့်ပါသည်။

စာကြည့်တိုက်အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ဥပဒေနှင့်မဟာဗျူဟာအစီအစဉ်များကိုသတ်မှတ်ထားရမည်ဖြစ်ပြီး၊ထိုအစီအစဉ်စံနှုန်းများကိုအခြေခံ၍စာကြည့်တိုက်ကွန်ရက်တစ်ခုကိုမြှင့်တင်ပေးရမည်။

ပြည်သူ့စာကြည့်တိုက်ကွန်ရက်ကို၊နိုင်ငံတော်အဆင့်စာကြည့်တိုက်၊ဒေသတွင်းစာကြည့်တိုက်၊သုတေသနစာကြည့်တိုက်၊အထူးစာကြည့်တိုက်များ၊တက္ကသိုလ်၊ကောလိပ်၊ကျောင်းစာကြည့်တိုက်များနှင့်ဆက်စပ်၍ဒီဇိုင်းရေးဆွဲရမည်ဖြစ်သည်။

## ပြည်သူ့စာကြည့်တိုက်လုပ်ငန်းနှင့် စီမံခန့်ခွဲမှု

ဒေသခံလူထု၏လိုအပ်ချက်များကိုအခြေခံ၍ရည်ရွယ်ချက်များ၊ဦးစားပေးရမည့်လုပ်ငန်းများနှင့်ဝန်ဆောင်မှုများကိုသတ်မှတ်ပေးပြီးရှင်းလင်းသောမူဝါဒတစ်ခုချမှတ်ထားရမည်။ဒေသခံများ ဗဟုသုတ ရရှိမှု၊ အရေးပါမှု၊ဒေသခံများကိုယ်တိုင်ဆုံးဖြတ်ချက်ချခြင်းများသည်ပြည်သူ့စာကြည့်တိုက်များအတွက်တန်ဖိုးရှိသောဝန်ဆောင်မှုများဖြစ်ကြပါသည်။

ပြည်သူ့စာကြည့်တိုက်များကိုထိရောက်စွာဖွဲ့စည်းထားရှိရမည်ဖြစ်ပြီးကျွမ်းကျင်စံနှုန်းများဖြင့်လုပ်ငန်းစဉ်များ၊ဝန်ဆောင်မှုများကို လုပ်ဆောင်သင့်သည်။

စာကြည့်တိုက်အသုံးပြုသူအားလုံးစာကြည့်တိုက်ရှိစာအုပ်စာပေများ၊ဒစ်ဂျစ်တယ်ပစ္စည်းများ အားလုံးကိုအသုံးပြုနိုင်ရမည်ဖြစ်သည်။အသုံးပြုသူများ၏လိုအပ်ချက်များနှင့်ကိုက်ညီစေရန်၊ကောင်းမွန်စွာထားရှိတပ်ဆင်ထားသောအဆောက်အအုံ၊ကောင်းမွန်သည့်စုဆောင်းမှုများနှင့်စာဖတ်ရန်ထိုင်ခုံအစရှိသည်တို့ကိုအပြည့်အစုံထား

ရှိပေးရမည်ဖြစ်ပြီးငင်းတို့အတွက်သင့်တော်ရာနည်းပညာပိုင်း၊စာကြည့်တိုက်ဖွင့်ချိန်၊ပိတ်ချိန်တို့ကိုလည်း အဆင်ပြေအောင်ဆောင်ရွက်ထားပေးသင့်သည်။

စာကြည့်တိုက်သို့မလာရောက်နိုင်သူများအတွက်လည်း၊အိမ်အရောက်အထူးဝန်ဆောင်မှုများကိုပေးနိုင်ရမည်။

စာကြည့်တိုက်ဝန်ဆောင်မှုများသည်ကျေးလက်နှင့်မြို့ပြရှိအသုံးပြုသူများ၏ကွဲပြားသောလိုအပ်ချက်များအရ၊ဝန်ဆောင်မှုပေးနိုင်ရမည်။ဒေသခံတိုင်းရင်းသားများအတွက်၊ဘာသာစကားနှစ်မျိုးတတ်သူများအတွက်၊ အထူးလိုအပ်ချက်ရှိသောစာကြည့်တိုက်အသုံးပြုသူများအတွက်စသဖြင့် လိုက်လျောညီထွေ ပြုပြင် ထားရှိရမည်။

စာကြည့်တိုက်မှူးသည်စာကြည့်တိုက်အရင်းအမြစ်ဒစ်ဂျစ်တယ်ပစ္စည်းများကိုသာမက၊ သာမန်ပစ္စည်းများနှင့်ပါအသုံးပြုသူတို့အကြားကြားခံအဖြစ်နှင့်ဝန်ဆောင်မှုပေးနိုင်ရမည်။စာကြည့်တိုက်မှူးတစ်ဦး အတွက်စိန်ခေါ်ချက်များကိုဖြေရှင်းနိုင်ရန်လုံလောက်သောဝန်ထမ်းအင်အား၊အရင်းအမြစ်စုဆောင်းထားမှု၊ လုပ်ငန်းကျွမ်းကျင်မှုနှင့်စဉ်ဆက်မပြတ်ပညာရေးပူးပေါင်းဆောင်ရွက်မှုတို့မှာမရှိမဖြစ်လိုအပ်သောအရာများ ဖြစ်ကြပါသည်။လုံလောက်သောပမာဏနှင့်အရည်အသွေးရှိသောစုဆောင်းမှုများဖြစ်စေရန်စာကြည့်တိုက်ကျွမ်း ကျင်သူများနှင့်ဆွေးနွေးတိုင်ပင်သင့်သည်။

စုဆောင်းထားသောအရင်းအမြစ်များအားလုံးသည် အသုံးပြုသူများအတွက်ကူညီပံ့ပိုးမှုပေးနိုင်သော ပစ္စည်းများဖြစ်နေစေရန်စီမံခန့်ခွဲမှုများကိုလည်း လုပ်ဆောင်ထားရမည်ဖြစ်ပါသည်။

မိမိစာကြည့်တိုက်တွင်သုတေသနပြုလေ့လာဆန်းစစ်နေခြင်းကို အမြဲတ မ်း စဉ်ဆက်မပြတ် ပြုလုပ်နေခြင်းအားဖြင့်စာကြည့်တိုက်၏အကျိုးသက်ရောက်မှုများ၊အရင်းအမြစ်စုဆောင်းခြင်းများကိုအကဲဖြတ် ရာရောက်သကဲ့သို့၊ လူမှုရေးအပေါ် အကျိုးကျေးဇူးသက်ရောက်မှုများကိုလည်း ဖော်ထုတ်ပြသရာ ရောက်ပါသည်။ စာရင်းဇယားဆိုင်ရာ အချက်အလက်များကို ရေရှည်ထိန်းသိမ်းထားခြင်းအားဖြင့် လူမှုနယ်ပယ်အတွင်း နောက်ဆက်တွဲ မျိုးဆက်များအတွက်လည်း အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

## ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်းများ

စာကြည့်တိုက်များ၏ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်းများ ထူထောင်ရာတွင် ပို၍ကျယ်ပြန့်ပြီး ပို၍ ကွဲပြားခြားနားသော မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းရန်အထူးလိုအပ်သည်။ သင့်တော်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းခြင်းရှိနေရမည်။ ဥပမာအားဖြင့် စာကြည့်တိုက် အသုံးပြုသူများ၊ ကျောင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တခြားစာကြည့်တိုက် အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တခြားသောဒေသတွင်း၊ နိုင်ငံတွင်းမှ ပညာရှင်များ၊ နိုင်ငံတကာမှ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် လည်းပူးပေါင်းဆောင်ရွက်ရမည်။

## ကြေညာချက်ကို အကောင်အထည်ဖော်ခြင်း

ဒေသအဆင့်၊နိုင်ငံအဆင့်ပြည်သူ့စာကြည့်တိုက်များမှသည်ကမ္ဘာတဝှန်းမှတာဝန်ရှိသူများနှင့် စာကြည့်တိုက် နယ်ပယ်မှ တာဝန်ရှိသူများကို ဤကြေညာစာတမ်းမှဖော်ပြထားသောမူဝါဒများ အားပူးပေါင်း အကောင်အထည်ဖော်ကြပါရန် တိုက်တွန်းလိုက်ပါသည်။

၁၈ ဇူလိုင် ၂၀၂၂